( ၁ )

# “ Harvester အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်”

**Used Matador Harvester MH88T (1600L) (1)Unit**
**(SO NO. MSO-ATT-2024-04-004 )**
**(Sr No. 000004)**
**Contract No ; WL-MS-246/2024**

၂၀၂၄ ခုနှစ်၊ ဧပြီလ(၈)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Used Matador Harvester MH88T (1600L) (China) (1)Unit - Harvester အရောင်းအဝယ် သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

Harvester ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် — ၁၂/မရက(နိုင်)၁၁၄၄၁၁
for and on behalf of Win Motor Co., Ltd.
အမှတ်(၈၉၈/၉၉၀)၊ သုဓမ္မာ(၄/၆)၊ အနော်ရထာစက်မှုဇုန်၊
ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Harvester ဝယ်ယူသူ ။ ။ ဦးရဲမင်းနိုင် (ဘ) ဦးဝင်းနိုင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၉/မသန(နိုင်)၁၄၅၅၇၆
လိပ်စာ– သဖန်းချိုကျေးရွာ၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်း။
ဆက်သွယ်ရန်ဖုန်းနံပါတ် — ၀၉–၆၇၃၅၃၉၉၃၅။

(Harvester ရောင်းချသူနှင့် Harvester ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ Harvester ရောင်းချသူသည်ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Harvester ရောင်းချသူ ပိုင်ဆိုင်သော Used Matador Harvester MH88T (1600L) (1)Unit အတွက် စုစုပေါင်းတန်ဖိုးငွေကျပ်–၃၄,၁၇၀,၀၀၀/– (မြန်မာငွေကျပ်– သုံးရာလေးဆယ့်တစ်သိန်းခုနစ်သောင်းကျပ်တိတိ) ကို Landed Customer Yard နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြု ကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် Harvester ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကိုချုပ်ဆို၍ Harvester ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ “ Harvester ” ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလ Harvester နှင့် Harvester အပိုပစ္စည်းများ၊ Harvester ရောင်းချသူမှလဲလှယ်တပ်ဆင်ပေးသည့် Harvester အပိုပစ္စည်းများ ပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် Harvester ဝယ်ယူသူမှ မိမိသဘောအလျောက် Harvester ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင် ထားသည့် Harvester နှင့် Harvester အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ Harvester ဝယ်ယူသူသည် မိမိဝယ်ယူသည့် Harvester ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ် ရေးထိုးလက်ခံရမည်။ အကယ်၍ဝယ်ယူသည့် Harvester တွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ Harvester လက်ခံရယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။ ဤကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ Harvester ကို လက်ခံရယူခဲ့ပါက လက်ခံရယူသည့် Harvester သည် မူလပကတိအခြေအနေဖြင့် ဝယ်ယူသူထံသို့ လက်ရောက်ပေးအပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ(၂)သို့

၄။ ရောင်းချလိုက်သည့် Harvester ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်းပစ္စည်း လွှဲပြောင်းလက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့မှ (၂)လအတွင်းပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ Harvester ကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံ ရရှိသည့်အခါမှသာ Harvester ကို ရရှိနိုင်မည်ဖြစ်ကြောင်း Harvester ဝယ်ယူသူမှ သဘောတူပါသည်။

ငွေပေးချေခြင်းစနစ်

၅။ Harvester ဝယ်ယူသူသည် Used Matador Harvester MH88T (1600L) (1)Unit အတွက် တန်ဖိုးငွေကျပ်–၃၄,၁၇၀,၀၀၀/– (မြန်မာငွေကျပ်– သုံးရာလေးဆယ့်တစ်သိန်းခုနှစ်သောင်းကျပ်တိတိ) ကို (၄–၄–၂၀၂၄) နေ့တွင် (RV NO. ATT-RV-24040009) ဖြင့် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

ရောင်းချသူ၏တာဝန်များ

၆။ Harvester ရောင်းချသူသည် Harvester ဝယ်ယူသူထံသို့ Harvester ကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ Harvester နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ Harvester ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၇။ ဤစာချုပ်နှင့်ပူးတွဲပါ စာရွက်စာတမ်းအားလုံးသည် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၈။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Win Motor Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် Harvester ဝယ်ယူသူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို ရောင်းချသူနှင့်စက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက် အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်း စသည်တို့လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Harvester ရောင်းချသူ | Harvester ဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးရဲမင်းနိုင် (၉/မသန(နိုင်)၁၄၅၅၇၆) |
| (for and on behalf of Win Motor Co.,Ltd.) | |

အသိသက်သေများ

| | |
|---|---|
| လက်မှတ် – | လက်မှတ် – ------------------------ |
| အမည် – ဝေယံဖြိုး | အမည် – ------------------------ |
| နငသအမှတ် – ၁၄/ဒဒရ(နိုင်)၂၀၆၂၇၃ | နငသအမှတ် – ------------------------ |
| နေရပ် – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် – ------------------------ |

လက်မှတ် –
အမည် – စုအိလှိုင်
နငသအမှတ် – ၈/သရန(နိုင်)၀၇၉၄၀၂
နေရပ် – အမှတ်(၅၈၉)၊ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။